# အိမ်ယာထိန်းသိမ်းရေး အကြံပေး ကော်မီတီ (HOUSEKEEPING ADVISORY COMMITTEE)

လေ့ကျင့်ရေး အခန်း (Training Room)၊ ချီးက်-ကလားက် အအောက်အဦ (Cheek-Clark Building)
ဇန်ဝါရီ 5၊ 2012

**ကြိုဆိုခြင်း နှင့် မိတ်ဆက်ပေးခြင်း-**

မစ္စ လီယာ ဟိုလ်တ် (Ms. Lea Holt) က တွေ့ဆုံပွဲကို တက်ရောက်လာကြသည့်အတွက် လူတိုင်းကို ကြိုဆိုလျက် ကျေးဇူးတင်ခဲ့ပါသည်။ တက်ရောက်ခဲ့ကြသည့် အကြံပေး ကော်မီတီဝင်များမှာ- ဗာဂျီနီယား ဘိုင်လီဖ် (Virginia Bailllif)၊ စီလ်ဗီယား ဘလန့်ဒ် (Sylvia Bland)၊ ရှော်န် ကာလဒ်ဝဲလ် (Shawn Caldwell)၊ ဒေဗစ် ဖရာလေး (David Fraley)၊ ဂျွန် ဝီလီယမ်စ် (John Williams)၊ ဟွာနီတာ ဝီလီယမ်စ် (Juanita Williams)၊ အင်ဂျဲလာ ဝိုးမာက် (Angela Womack) နှင့် ဒိုနယ်ဒ် ရိုက်တ် (Donald Wright) တို့ဖြစ်ကြပါသည်။ မတက်ရောက်ခဲ့ကြသူတို့ကတော့- ဂျော့ ဂျိမ်းစ် (George James)၊ ဦးကျော်အောင် (Kyaw Aung) နှင့် စော လော်လာ မူး (Saw Lawla Moo) တို့ ဖြစ်ကြပါသည်။ ထရေစီ အဂ်ညူး (Tracy Agnew)၊ ခရစ္စတိုဖား ချီရွန်း (Christopher Chiron) နှင့် ကူညီရေး ဝန်ထမ်း မေရီ ကရာဗင် (Mary Craven ) တို့လည်း တက်ခဲ့ကြသည်။

**ဒီဇင်ဘာ 15၊ 2011 တွေ့ဆုံပွဲ မှတ်တမ်း-**

မစ္စ ဟိုလ်တ်က ကော်မီတီဝင်တိုင်းကို နောက်ဆုံး တွေ့ဆုံပွဲ မှတ်တမ်းကို ပေးပါသည်။ ဂျွန် ဝီလီယမ်က ပြင်ဆင်ချက် (တွေ့ဆုံပွဲကို လေ့ကျင့်ခန်းမှာ မဟုတ်ပဲ ချီးက်-ကလားက်မှာ ပြုလုပ်ရန်) တစ်ခုဖြင့် မှတ်တမ်းကို လက်ခံမည်ဟု တင်ပြပါသည်။ ထိုအဆိုကို ဒေဗစ် ဖရာလေးက ထောက်ခံခဲ့ပြီး အားလုံး သဘောတူ လက်ခံလိုက်ကြသည်။

**တွေ့ဆုံပွဲ အစီအစဉ်-**

တစ်လနှစ်ကြိမ် အစား နှစ်ပတ်တစ်ကြိမ် အစီအစဉ်ကို လက်ခံကြပါက၊ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်းမှာ တွေ့ဆုံပွဲ 24 ကြိမ်အစား 26 ကြိမ် ပြုလုပ်နိုင်မှာကို မစ္စ ဟိုလ်တ်က ထောက်ပြပါသည်။ မစ္စတာ ချီရွန်းကမူ အချိန် ကပ်လာသည့်နှင့်အမျှ၊ တလထဲမှာ သုံးကြိမ် တွေ့ဆုံပွဲ ပြုလုပ်ဖို့ လိုအပ်လာခဲ့သော် ကော်မီတီ အနေနှင့် ဆုံးဖြတ်လို့ ရနိုင်တာကို ပြောပါသည်။ ဇယားဖြင့် ဖေါ်ပြထားသည့် ပြက္ခဒိန်ကို ကော်မီတီဝင်တိုင်းကို လာမည့် တွေ့ဆုံပွဲမှာ ပေးအပ်သွားမည်။

**အခြေခံ စည်းကမ်းများ-**

မစ္စတာ ချီရွန်းသည် လူတိုင်းအတွက် "အခြေခံစည်းကမ်းများ" အဆင်ပြေအောင် လုပ်ဖို့ လိုတာကို အလေးပေး ပြောပါသည်။ ကော်မီတီသည် စည်းကမ်းချက်တိုင်းကို ဆန်းစစ်ခဲ့ပါသည်။ မစ္စ ဟိုလ်တ်က သူမသည် မစ္စ အဂ်ညူးနှင့်အတူ၊ ဆက်သွယ်ရေး ဌာန၏ စီစဉ်ပေးရေး ဝန်ဆောင်မှုများ ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ ဘရန်ဒွန် သောမတ်စ် (Brandon Thomas) နှင့်အတူ၊ ယင်းစည်းကမ်းချက်များ နှင့် ကော်မီတီ၏ စာရွက်စာတမ်းများကို ဝက်ဘ်စာမျက်နှာမှာ ထည့်ဖေါ်ပြပေးနိုင်အောင် ကြိုးပမ်းမှာကို ရှင်းပြခဲ့သည်။

တစ်ချိန်မှာ လူတစ်ယောက်သာ ပြောဖို့ နှင့် အသင်းဝင်များအတွက် ဆွေးနွေးရေး အချိန်ကို သတ်မှတ်ပေးဖို့ကို ရှော်န် ကာလဒ်ဝဲလ်က တင်ပြခဲ့သည်။ ဆွေးနွေးကြမည့် အကြောင်းအရာများအတွက် အချိန် ကန့်သတ်ချက်ကို

သတ်မှတ်ပေးခြင်းဖြင့် အကြောင်းအရာများ အားလုံး ဆွေးနွေးဖို့ အချိန်လုံလောက်အောင် စီစဉ်နိုင်မှာကို မစ္စ ဟိုလ်တ်က ပြောခဲ့သည်။

မစ္စတာ ဝီလီယမ်စ်က လက်ရှိ ဆွေးနွေးမှု၏ ဘောင်အပြင်ကို ရောက်နေကြသော သို့မဟုတ် အနာဂါတ်မှာ စဉ်းစားသင့်သော အကြောင်းအရာများ "ဘေးချိတ်ခွင့်" စည်းကမ်း ထည့်ဖို့ အဆိုပြုသည်။ တွေ့ဆုံပွဲ အဆုံးပိုင်းမှာ၊ အချိန် လုံလောက်ပါက၊ "ဘေးချိတ်" လိုက်သည့် အကြောင်းအရာ တချို့ ယူဆွေးနွေးရေးကို မစ္စ ဟိုလ်တ်က အကြံပြုခဲ့သည်။

ဟွာနီတာ ဝီလီယမ်စ်က ပြင်ဆင်ပြီးသား အခြေခံ စည်းကမ်းများကို အတည်ပြုရန် အဆိုပြုခဲ့ရာ၊ စီလ်ဗီယား ဘာလန့်ဒ်၏ ထောက်ခံမှု နောက်မှာ ကော်မီတီက တခဲနက် အတည်ပြုခဲ့သည်။ ကော်မီတီဝင်များသည် အတည်ပြုပြီးသား မိတ္တူများကို နောက်တွေ့ဆုံပွဲမှာ ရရှိကြမည်။

**PRM ၏ အဆိုပြုချက်များ**

PRM အစီရင်ခံစာထဲက အဆိုပြုချက်များကို မစ္စတာ ချီရှန်း ဦးဆောင် ဆွေးနွေးခဲ့သည်။ အဆိုပြုချက် တစ်ခုစီကို ကော်မီတီက ဆန်းစစ်ခဲ့သည်။

အလုပ်ခန့်ခြင်း/လွှဲပေးခြင်း မူဝါဒ (အဆိုပြုချက်များထဲက စည်းရုံးရေး/ဖွဲ့စည်းရေး ပုဒ်မ၊ အပိုင်း #2) ဆိုင်ရာ ပြင်ဆင်ချက်များအား လက်ရှိ ဆန်းစစ်မှုအတွင်းမှာ မစ္စတာ ဝီလီယမ်စ်က၊ လူတိုင်း စည်းကမ်းချက်များကို သိရှိနိုင်ကြကာ လိုအပ်လာသော် ရည်ညွှန်းနိုင်ကြဖို့အတွက် "SOPs" (ပုံမှန် လုပ်ကိုင်ရေး လုပ်ရိုးလုပ်စဉ်များ (Standard Operating Procedures)) ကို အခြားမူဝါဒများဆိုင်ရာ လုပ်သားများတွက်ပါ ရေးပြီး စီစဉ်ပေးဖို့ကို တင်ပြခဲ့သည်။ ဌာနထဲက အခြားသူများကို မျှမပေးမီမှာ အလုပ်ခန့်ခြင်း/လွှဲပေးခြင်း မူဝါဒကို ဆန်းစစ်သွားမှာ ဖြစ်ပြီး၊ အခြားမူဝါဒများ နှင့် လုပ်ရိုးလုပ်စဉ်များကို ပြန်ပြုစုလျက် လုပ်သားများအား ပေးသွားမှာကို မစ္စ ဟိုလ်တ်က ထည့်ကြေညာခဲ့သည်။

မစ္စတာ ဖရာလေးက အိမ်ယာ ထိန်းသိမ်းရေး ဝန်ဆောင်မှုများကို ဖွဲ့စည်းထားပုံ နှင့် မည်သူက မည်သည့် အခန်းကဏ္ဍမှ ပါဝင်ကပြနေကြောင်း သိရှိလို၍ ထိုဌာနအား ဖွဲ့စည်းထားပုံကို မေးမြန်းခဲ့သည်။ မစ္စ ဟိုလ်တ်က ဖွဲ့စည်းပုံကို ဆွေးနွေးလျက် ဝန်ထမ်းဆိုင်ရာ အပြောင်းအလဲများကို အိမ်ယာ ထိန်းသိမ်းရေး လုပ်သားများအား ဆက်သွယ်ပြောပြမှုကို အားဖြည့် လုပ်ကိုင်သွားမည်ဟု ပြောသည်။

လုပ်သားအားလုံးတို့အတွက် ပြုလုပ်ဖို့ ရှိနေသည့် မလုပ်မနေရ သင်တန်းများအတွင်းမှာ (အဆိုပြုချက်များထဲက လေ့ကျင့်ရေး နှင့် ဆက်သွယ်ရေး ပုဒ်မ၊ အပိုင်း #2 အရ) ဝန်ထမ်းများ စီစဉ်ပေးဖို့ကို မစ္စ ဝီလီယမ်စ်က တင်ပြသွားသည်။ အိမ်ယာထိန်းသိမ်းရေး ဝန်ထမ်းများ နှင့် မန်နေဂျာများ အားလုံးတို့အတွက် နှောင့်ယှက်မှုများ၊ ခွဲခြားမှုများ၊ အကြမ်းဖက်မှုများ နှင့် မကျေနပ်ခြင်းများဆိုင်ရာ သင်တန်းများကို ဖေဖော်ဝါရီလ မကုန်မီ ပြုလုပ်သွားမည်။ ထိုသင်တန်းမှာ နေ့ဝက် (4 နာရီ) ကြာမည်ဟု မျှော်လင့်ရသည်။

သင်တန်းကို လုပ်သားများ၏ ပုံမှန် အလုပ်ဆိုင်းအတွင်းမှာ ပြုလုပ်သွားဖို့ ဌာနအနေနှင့် ကြိုးစားသွားမှာ ဖြစ်ကြောင်း မစ္စ ဟိုလ်တ်က ကြေညာလျက်၊ ထိုနေ့ရက်များမှာ ဖောက်သည်များအတွက် သန့်ရှင်းမှုကို "အနည်းဆုံး" လုပ်ပေးနိုင်မှာကို ရှင်းပြခဲ့သည်။ ပုံမှန်လုပ်နေကျ ဝန်ဆောင်မှုများထဲမှာ အပြောင်းအလဲ ရှိနိုင်ကြောင်းကို ဖောက်သည်များကို တင်ကြိုပြီး အကြောင်းပေးသင့်ကြောင် မစ္စတာ ချီရှန်းက ပြောခဲ့သည်။

အိမ်ယာ ထိန်းသိမ်းရေးကို ကြပ်မပ်ပေးကြသူတို့သည် စီမံအုပ်ချုပ်ရေး သင်တန်း ပထမပိုင်းကို လုပ်ပြီးသွားခဲ့ကြကြောင်း၊ လာမည့် လအနည်းငယ်အတွင်းမှာ လုပ်ကိုင်မှုကို စီမံအုပ်ချုပ်ရေး နှင့် စည်းကမ်းသေဝပ်ရေး လုပ်ရိုးလုပ်စဉ်များ၊ ကျွမ်းကျင်မှုများကို သင်ပေးရေး နှင့် မြှင့်တင်ပေးရေး နှင့် အခြား

စီမံခန့်ခွဲရေး ကျွမ်းကျင်မှုများ မြင့်မားလာရေး သင်တန်းများကို စီစဉ်ပေးသွားဖြစ်ကြောင်း မစ္စတာ ချီရှွန်းက ပြောကြားသည်။

**<u>အိမ်ယာ ထိန်းသိမ်းရေး ညွှန်ကြားရေးမှူး အသစ်ကို ရှာကြံခြင်း–</u>**

အိမ်ယာ ထိန်းသိမ်းရေး ညွှန်ကြားရေးမှူးအသစ်ကို ငှါးရမ်းဖို့ ရှာကြံနေခြင်း အကြောင်းကို မစ္စ အင်ညူးက ပြောပြခဲ့သည်။ လာမည့် နှစ်ပတ်အတွင်းမှာ ရှာကြံရေး ကော်မီတီသည် လျှောက်ထားကြသူ ဆယ့်တစ်ယောက်တို့ကို ဖုန်းဖြင့် အင်တာဗျူး လုပ်သွားပါမည်။ ၎င်းတို့ထဲကနေပြီး ဖေဖော်ဝါရီလမှာ တွေ့ဆုံမေးမြန်းဖို့ တချို့သူတို့ကို ရွေးသွားမည်။ လူအသစ် ငှါးရမ်းရေး နှင့် မေးသင့်သည့် အင်တာဗျူး မေးခွန်းများ ပြုစုရေး ဖြစ်စဉ်ထဲက ကော်မီတီ၏ အခန်းကဏ္ဍမှာ ကော်မီတီ၏ နောက်တစ်ခါ တွေ့ဆုံပွဲမှာ ဆွေးနွေးမည့် အဓိက အကြောင်းအရာ ဖြစ်လာပါမည်။

**<u>နိဂုံး–</u>**

တွေ့ဆုံပွဲသည် နံနက် 9:01 နာရီမှာ ပြီးဆုံးသွားသည်။ နောက်တစ်ကြိမ် တွေ့ဆုံပွဲကို ကြာသပတေး၊ ဇန်ဝါရီ 19၊ 2012 နံနက် 7:30 မှာ ကျင်းပမည်။